# “လိုအင်ဆန္ဒတွေပြည့်ပါစေ” တရားတော်

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ဘုရားရှင်ကို ရှိခိုးပူဇော်ပြီးတဲ့နောက် “လိုအင်ဆန္ဒတွေပြည့်ပါစေ” ဆိုတဲ့ တရားကိုဘုန်းကြီးတို့ ဒီနေ့ညမှာ ဟောကြ၊ နာကြမယ်။ လိုအင်ဆန္ဒတွေ ပြည့်စေတဲ့တရားပေါ့။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတဲ့တရားဒေသနာတွေကို နှစ်မျိုးနှစ်စား ခွဲကြည့်လိုက်ရင် တစ်ဦးတစ်ယောက်ကိုရည်ရွယ် ပြီးတော့ဟောတဲ့တရားနဲ့ အများကိုရည်ရွယ်ပြီးတော့ ဟောတဲ့တရားလို့ ခွဲခြားလို့ ရနိုင်ပါတယ်။ တစ်ချို့တစ်ချို့



တရားဒေသနာများက တစ်ဦးတစ်ယောက်ကို ပုဂ္ဂလာဓိဋ္ဌာန်ရည်ရွယ်တယ်။ မြတ်စွာဘုရား ဟောကြား လိုက်လို့ရှိရင် ဒီပုဂ္ဂိုလ် ဒီတရားဓမ္မနာကြားရရင် တရားရမယ်၊ ကောင်းကျိုးချမ်းသာဖြစ်မယ်ပေါ့။ အဲ. . တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို ရည်ရွယ်ပြီးတော့ ဟောတဲ့ တရားမျိုးကို ပုဂ္ဂလာဓိဋ္ဌာန်လို့ခေါ်ပါတယ်။

နောက်တစ်မျိုးကျတော့ တစ်ဦးတစ်ယောက် ကိုရည်ရွယ်တာမဟုတ်ဘူး။ အများကို မြတ်စွာဘုရားက ရည်ရွယ်တာ၊ ဝေနေယျသတ္တဝါတွေအားလုံးကို ခြုံငုံပြီး တော့ အားလုံးနဲ့သက်ဆိုင်တဲ့တရား၊ အများနဲ့ဆိုင်တဲ့ တရားက ဓမ္မာဓိဋ္ဌာန်လို့ခေါ်နိုင်ပါတယ်။

ပုဂ္ဂလာဓိဋ္ဌာန်ရယ်၊ ဓမ္မာဓိဋ္ဌာန်ရယ်လို့ အဲဒီ ဒေသနာနှစ်ရပ်ရှိတော့ ဒီကနေ့ညမှာ ဘုန်းကြီးဟောမယ့် တရားက မြတ်စွာဘုရား တစ်ဦးတစ်ယောက်ကိုရည်ရွယ် ပြီးတော့ဟောတဲ့တရားမျိုး မဟုတ်ဘူး။ အများနဲ့ဆိုင်တဲ့



တရားမျိုးပါ။ တရားပွဲမျိုးဆိုတာက ပရိသတ်တွေ အများကြီး။ တစ်ရာ၊ နှစ်ရာ၊ သုံးရာ၊ လေးရာ ဒီလိုရှိတော့ တစ်ဦးချင်း၊ တစ်ယောက်ချင်းကို ရည်မှန်းပြီးတော့ဟောနေလို့ မဖြစ်ဘူး။ အများနဲ့ဆိုင်တဲ့ တရားမျိုး၊ အများနဲ့ဆက်စပ်တဲ့တရားမျိုးကို ဘုန်းကြီးက ရွေးကြည့်ပါလိုက်တယ်။

ဘာတွေ့တုန်းဆိုတော့ ဒီကမ္ဘာလောက ပေါ်မှာရှိတဲ့လူသားတိုင်း၊ လူသားတိုင်းရဲ့ လိုအင်ဆန္ဒ တွေပြည့်စေတဲ့ တရား။ တစ်ယောက်တည်းမဟုတ်ဘူး။ လူတိုင်း လူတိုင်းနဲ့ဆိုင်တယ်။ ကမ္ဘာပေါ်မှာရှိနေသမျှ လူသားအားလုံးကို မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီး ခြုံငုံပြီးတော့ကြည့်တဲ့၊ သဗ္ဗညုတဉာဏ်နဲ့ ခြုံပြီးတော့ စစ်တမ်းထုတ်ပြီးတော့ ဟောတဲ့တရားတစ်ပုဒ်ပါ။

ဘုန်းကြီးတို့ အခုကမ္ဘာပေါ်မှာ လူဦးရေ သန်း(၅၀၀၀)၊ (၆၀၀၀)ရှိတော့ အဲဒီလူတွေအားလုံးရဲ့

လိုအင်ဆန္ဒဘာရှိသလဲ။ လူတွေရဲ့လိုအပ်ချက်၊ လိုလားချက် ဘာတွေများ ရှိသလဲလို့ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့ ကြည့်ပါတယ်။

သဗ္ဗညုတဉာဏ်ဆိုတာ အလုံးစုံကို အကုန်သိတဲ့ဉာဏ်၊ အကုန်လုံးသိတယ်။ အဲဒီတော့ ဘုန်းကြီးတို့ မြတ်စွာဘုရားက ဒီကမ္ဘာလောကမှာ ကြည့်လိုက်လို့ ရှိရင် လူတွေက အမျိုးမျိုးပေါ့။ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ လူမျိုးလည်း ကွဲတယ်။ လူမျိုးပေါင်းစုံလင်ပါတယ်။ နိုင်ငံ၊ နေရာဒေသ တွေလည်း ကွဲပြားတယ်။ ဘာသာစကား၊ ဓလေ့ ထုံးစံတွေလည်း ကွဲပြားတယ်။ အဲဒီလို ကွဲပြားခြားနားတဲ့ လူတွေအားလုံးကို မြတ်စွာဘုရားက ခြုံငုံပြီးကြည့် လိုက်တဲ့အချိန်အခါမှာ လူတွေအားလုံးရဲ့ လိုအင်ဆန္ဒ လေးမျိုးပဲရှိတယ်လို့ မြတ်စွာဘုရားကမြင်တော်မူပါတယ်။



တစ်ဦးစီတစ်ယောက်စီကို ဘုန်းကြီးတို့ ပရိသတ်စာရင်းကောက်ကြည့်မယ်ဆို မကုန်နိုင်ဘူးနော်။ လူတွေသန်းငါးထောင်ဆိုရင် တစ်ယောက် တစ်ယောက် လိုအင်ဆန္ဒလေးငါးမျိုးဆိုရင်ပဲ သန်းပေါင်းများစွာ ဖြစ်သွားလိမ့်မယ်နော်။ အဲဒီတော့ တူရာတူရာ ပေါင်းပြီးတော့ကြည့်လိုက်တဲ့ အချိန်အခါကျတော့ ဘယ်နှစ်မျိုးဖြစ်လာသလဲဆိုတော့ လိုအင်ဆန္ဒ လေးမျိုးပေါ့။

အဲဒီထဲမှာ ဘုန်းကြီးတို့ပရိသတ် လိုချင်နေတာ တွေလည်းပါမှာပါဘဲ။ အခြားအရပ်ဒေသ၊ တိုင်းတစ်ပါး မှာနေကြတဲ့လူတွေရဲ့ ဆန္ဒတွေလည်းပါမှာပါဘဲ။ ဓလေ့ ထုံးစံတွေ ကွဲပြားပါစေ၊ ဘာသာစကား အယူဝါဒတွေ ဘယ်လိုပဲ ခြားနားပါစေ၊ အားလုံးနဲ့ဆိုင်တဲ့ အားလုံး လိုချင်နေကြတဲ့ လိုအင်ဆန္ဒလေးချက်ပဲရှိတယ်။



**နံပါတ်တစ်** - တစ်ချက်က ဘာလိုချင်တုန်း ဆိုလို့ရှိရင် ပစ္စည်းဥစ္စာကိုလိုချင်တယ်။ မလိုချင် ဘူးလား။ လိုချင်ပါတယ်ဘုရား။ အားလုံးလိုချင် ကြပါတယ်။ ဟောဒီတရားနာပရိသတ် လိုချင်သလို တစ်ခြားတစ်ခြားသူတွေလည်း လိုချင်ပါတယ် ။တစ်ခြား တစ်ခြားနိုင်ငံကလူတွေလည်း လိုချင်ကြတယ်။

ပစ္စည်းဥစ္စာကိုလိုချင်တယ် ဆိုတဲ့ ဒီတစ်ချက် လူသားအားလုံးမှာ တူညီနေကြတယ်။ ဒီထဲမှာ ပစ္စည်းဥစ္စာအမျိုး အစားခွဲမနေနဲ့တော့ပေါ့။ တစ်ချို့က နေစရာ၊ အိုးအိမ်တိုက်တာ လိုချင်တယ်။ တစ်ချို့က စီးစရာ၊ ကားအမျိုးစုံ လိုချင်တယ်။ တစ်ချို့က အသုံးပြုစရာ လူသုံးကုန်၊ အိမ်သုံးကုန်၊ လိုချင်တယ်။ တစ်ချို့ကလည်းပဲ စိန်၊ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတွေ လိုချင်တယ်။ဒီလိုချင်တာ အားလုံးပေါင်းကြည့်လိုက် လို့ရှိရင် ပစ္စည်းဥစ္စာကို လိုချင်တယ်ဆိုတဲ့အထဲ ပါသွား ပါတယ်။

## ⁕ ပစ္စည်းဥစ္စာ၊ လောကမှာ၊ လိုချင်နေကြသည်။ ⁕

ဒါ မြတ်စွာဘုရားရဲ့စကားတော်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတရွှေဉာဏ်တော်နဲ့ကြည့်လိုက်တဲ့အချိန်အခါမှာ သိတော်မူ၊ မြင်တော်မူတယ်။ လောကမှာ လူတိုင်း၊ လူတိုင်းသည် ပစ္စည်းဥစ္စာကို လိုချင်နေကြတယ်။ လိုလားတောင့်တနေကြတယ်။ အဲဒါလိုအပ်ချက်တစ်ခု၊ လိုအင်ဆန္ဒတစ်ခုပေါ့။

ပါဠိ ⁎ လောကမေ---------လောကသို့။

ဘုရားရှင်က ဒီလောကထဲမှာ နေတဲ့သူတွေလိုချင်နေကြတဲ့ဆန္ဒတစ်ခု ဖော်ထုတ်ပြီးတော့ ပြလိုက်တယ်။ လူတိုင်း၊ လူတိုင်းသည် ပစ္စည်းဥစ္စာကိုလိုချင်နေကြတယ်။ ဥစ္စာပစ္စည်းကြွယ်ဝမှု၊ ချမ်းသာမှုကိုလိုလားတောင့်တနေကြတယ်။အသက်ကြီးတဲ့သူတွေ



လည်း လိုချင်တာပဲ။ ငယ်တဲ့သူတွေလည်း လိုချင်တာပဲ။ ယောက်ျားလည်း လိုချင်တာပဲ။ မိန်းကလေးတွေလည်း လိုချင်တာပဲ။ ချမ်းသာတဲ့သူတွေလည်း လိုချင်သေးတာပဲ။ ဆင်းရဲတဲ့သူတွေလည်း လိုချင်နေကြတာပဲ။ လူတိုင်း၊ လူတိုင်းလိုချင်နေကြတဲ့ဆန္ဒ တစ်ခုသည် ပစ္စည်းဥစ္စာ ရယူပိုင်ဆိုင်လိုမှုလို့ မှတ်သားလိုက်ပါ။

နောက်တစ်ချက် ဘုန်းကြီးတို့ပရိသတ်ဘာလိုချင်သလဲဆိုတာကြည့်ရင် ဥစ္စာပစ္စည်းတွေနဲ့ပြည့်စုံပြီဆိုတဲ့အချိန်အခါ၊ သိန်းပေါင်းများစွာချမ်းသာပြီပေါ့။ ဒေါ်လာတွေအများကြီး၊ မီလျံနာပေါ့၊ ချမ်းသာနေပြီ၊ စိန်တွေ, တိုက်တွေ, ကားတွေ, ဂုဏ်သရေတွေအများကြီးရှိနေပြီ။ ဒီလောက်နဲ့တင် လိုအင်ဆန္ဒတွေပြည့်စုံပြီလားဆိုရင် မပြည့်စုံသေးပါဘုရား။သူတို့လိုချင်တာမပြည့်စုံသေးဘူးဆိုတော့ ဘာလိုသေးလဲ။ လိုတော့လိုချင်တယ်နော်။ ဘာလိုချင်နေမှန်းကို မသိသေးဘူး။



**နံပါတ်နှစ်**-သည်ဘာတုန်းဆိုတော့ ချစ်တဲ့ခင်တဲ့မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်တယ်။ အပေါင်းအဖော်တွေနဲ့ ပျော်ချင်တယ်။ လူဆိုတာတစ်ယောက်ထဲ နေလို့မရဘူး။ မိသားစုနဲ့နေကြတယ်။ ဆွေမျိုးသားချင်း အသိုက်အဝန်း၊ ဆရာတပည့်ပေါ့၊ မိသားစုနဲ့နေကြတယ်။ ဆက်ဆံ ကျင်လည်နေရတဲ့လူမှုဝန်းကျင်ရှိပါတယ်။အဲဒီ့ထဲမှာ, လောကထဲမှာနေပါတယ်။ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံတယ်ဆိုရင် တစ်ယောက်တည်းမနေချင်ပါဘူး။ တစ်ယောက်တည်းနေ၊ ပစ္စည်းဥစ္စာတွေအားလုံးရှိတယ်။ အကုန်ရှိတယ်။ အသက်ကလည်း တစ်ရာမကဘူး၊ နှစ်ရာ၊ သုံးရာရှည်မယ်ပေါ့။ ရှည်သလောက်ရှည်၊ ဒါပေမဲ့လို့ ကိုယ့်နားဘယ်သူမှမရှိဘူးဆိုရင် မနေချင်ပါဘူး။

## ⁕ ပေါင်းဖော်များစွာ၊ လောကမှာလိုချင်နေကြသည်။ ⁕

ဒီလောကမှာရှိသမျှ လူအားလုံးတို့သည်တဲ့ အသိုက်အဝန်းနဲ့နေချင်တယ်။ ဘုန်းကြီးတို့ မြန်မာစကား တစ်ခုရှိတယ်။ “ဥမကွဲ၊ သိုက်မပျက်” ။ ဥ, လည်းမကွဲ၊ သူတို့က သိုက်လည်းမပျက်ချင်ဘူးနော်။ ဒီမိသားစုနဲ့ ဒီသား, ဒီသမီးနဲ့၊ ဒီခင်ပွန်း, ဇနီးနဲ့၊ ဒီဆွေမျိုးသားချင်းနဲ့ မကွဲမကွာနေချင်ကြတယ်တဲ့။ ဒါသည် လိုအင်ဆန္ဒတစ်ခု။

ဘုန်းကြီးတို့ တစ်ခါတစ်လေကျလို့ရှိရင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားဒေသနာ၊ သေသေချာချာ စဉ်းစားကြည့်လို့ရှိရင် အင်မတန်မှ ကြည်ညိုဖို့ကောင်းတယ်။ ဘုန်ကြီးတို့ပရိသတ်လည်း တရားတွေအများကြီး နာရပါလိမ့်မယ်။ နာကြားပြီးတဲ့ တရားဓမ္မတွေ သေသေချာချာပြန်ပြီးတော့ လေးလေး နက်နက်စဉ်းစားကြည့်ရင် တရားစကားတစ်လုံးဖြစ်စေ၊ တစ်ဝါကျဖြစ်စေ၊ တစ်လုံးဖြစ်စေပေါ့၊ မြတ်စွာဘုရားရှင် စကားသည် သိပ်ကိုအရသာရှိတယ်။ တန်ဖိုးရှိတယ်နော်။



**တတိယတစ်ချက်** သည်တဲ့ လူတိုင်း၊ လူတိုင်းရဲ့ လိုအင်ဆန္ဒ၊ လူတိုင်းလိုချင်နေကြတာသည် တဲ့ အသက် ရှည်ခြင်း။ ပစ္စည်းဥစ္စာနဲ့ပြည့်စုံပြီးတော့ ဒီလောက် ပိုင်ဆိုင်မှုတွေ အမြောက်အမြားရှိတဲ့အချိန်အခါမှာ ဘုန်းကြီးတို့ပရိသတ် ဒီပစ္စည်းဥစ္စာတွေ ထားပြီးတော့ ဘဝတစ်ပါးကို မသွားချင်ပါဘူး။ မသွားချင်တော့ ဘယ်လိုလုပ်ရမလဲ၊ အသက်ရှည်ရမယ်။ ကျန်းမာရမယ်။ အဲဒီတော့ တတိယလိုအပ်ချက်၊ လိုအင်ဆန္ဒ တစ်ခုသည် အသက်ရှည်ဖို့၊ ကျန်းမာဖို့နော်။

ပစ္စည်းဥစ္စာတွေတော့ ပိုင်ဆိုင်ပါရဲ့နဲ့ ဒီပစ္စည်းဥစ္စာတွေ အမြောက်အမြားတော့ရှိတယ်၊ ကျန်းမာရေးမကောင်းဘူး ဆိုရင်လည်းပဲ ဒီဥစ္စာပစ္စည်း တွေသည် သူ့အတွက် ဘာမှအသုံးမကျဘူး။ အသုံးမဝင် ပါဘူး။ အိပ်ယာထဲလဲပြီးတော့ ကလေးပမာ ပက်လက် နေရတယ်ဆိုရင် ပိုင်ဆိုင်မှုတွေ သုံးလို့မရပါဘူး။



အသုံးမကျပါဘူး။ တစ်ချို့ ပစ္စည်းဥစ္စာတွေရှာပြီးတော့ ချမ်းသာတယ်။ ချမ်းသာပြီးတဲ့ အချိန်အခါမှာ ဒီပစ္စည်း ဥစ္စာခံစားမယ်တောင် မရှိသေးဘူး။ လူ့ဘဝကနေ ဘဝ တစ်ပါးပြောင်းသွားပြန်ပြီ။ သေကျေပျက်စီးပြန်ပြီဆိုတော့ ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး။ လူတိုင်းလူတိုင်းသည် အသက်ရှင်ချင်တယ်။ အသက်ရှည်ချင်တယ်ပေါ့။

## ✳ အသက်ရှည်ကြာ, လောကမှာ, လိုချင်နေကြသည် ✳

ဒီလောကမှာ ရှိသမျှလူအားလုံးတို့သည်တဲ့ အသက်ရှည်ခြင်းကို လိုလားတယ်။ လိုချင်တယ်။ အသက်ရှည်ချင်တယ်။

“ငါသေချင်လိုက်တာ၊ ငါသေချင်လိုက်တာ” လို့ ဘယ်လောက်ပဲပြောနေ, ပြောနေ, တစ်ကယ်မသေ

ချင်ဘူး။ ဒီပရိသတ်ထဲ သေချင်တဲ့လူတွေ ပါသေးလား မေးရင် မပါ,ပါဘူးဖြေလိမ့်မယ်။ လူတိုင်းလူတိုင်း အသက်ရှည်ချင်တယ်။

အဲဒီတော့ ဘယ်သူဘဲဖြစ်ဖြစ်ပေါ့။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတွေလည်း အသက်ရှည်ချင်တာပဲ။ တစ်ခြားဘာသာဝင်တွေလည်း ဒီသဘောပဲ။ ဒီဆန္ဒပဲ။ တစ်ခြားလူမျိုးတွေလည်း ဒီအတိုင်းပဲ။ လူရယ်လို့ ဖြစ်လာပြီဆိုလို့ရှိရင် ဘဝတစ်ခု ပိုင်ဆိုင်ရရှိလာတဲ့အချိန်အခါမှာ ဒီဘဝမှာ အသက်ရှည်ရှည်နေချင်တယ်။ ကျန်းကျန်းမာမာနေချင်တယ်။ အဲဒါသည် လိုအင်ဆန္ဒတစ်ချက်နော်။ တစ်အချက်က ဥစ္စာပစ္စည်းပြည့်စုံချင်တယ်။ သုံးအချက်က ကျန်းမာချင်တယ်ပေါ့။ အသက်ရှည်ချင်တယ်။ ပြည့်စုံပြီလားဆိုရင် မပြည့်စုံသေးပါဘူး။ ဘာလိုချင်သေးလဲ။ ပစ္စည်းဥစ္စာလည်း ပြည့်စုံပြီလေ။ အသက်လည်းရှည်နေပြီ၊



တော်ရောပေါ့။ မတော်နိုင်သေးဘူး။ အဲဒီလောက်နဲ့ မကျေ နပ်သေးဘူး။ လူသားတွေမှာ လိုအင်ဆန္ဒတွေရှိသေးတယ်။

အခုကြည့်လိုက်၊ လူသားတွေရဲ့လိုအင်ဆန္ဒသည် ဘုန်းကြီးတို့ တစ်ယောက်စီ၊ တစ်ယောက်စီ ပြောမယ်ဆိုလို့ရှိရင် ဒီလိုအင်ဆန္ဒတွေ ပြောလို့မကုန်နိုင်ဘူး။ ဒါကို မြတ်စွာဘုရားက ခြုံငုံပြီးတော့ပြောလိုက်တယ်။ အခု လိုအင်ဆန္ဒသုံးချက်။ အပိုအလိုမရှိဘူး။ တိတိကျကျနော်။ ပိုသွားတယ်ဆိုတာလည်း မရှိဘူး။ လိုနေသေးတယ်ဆိုတာလည်း မရှိဘူး။ တိကျတယ်။ မှန်လိုက်တာ၊ ဥစ္စာပစ္စည်းတွေ လိုချင်တယ်။ အသိုက်အဝန်းနဲ့ လိုချင်တယ်။အသက်ရှည်ခြင်း လိုချင်တယ်ပေါ့။ ပြည့်စုံပြီလားဆိုရင် မပြည့်စုံသေးပါဘူးဘုရား။ ဘာဖြစ်ချင်သေးလဲ? လိုချင်နေကြသေးတယ်နော်။ လိုချင်နေကြသေးတယ်။ ဒါပေမဲ့လို့ ဘုန်းကြီးတို့ တစ်ခါ



တစ်လေ စဉ်းစားကြည့်မိတယ်။ ဘာလိုချင်မှန်း မသိတာခက်တယ်။ အဲဒီတော့ ဘုရားမြတ်စွာကလည်း ထုတ်ဖော်ပြီးတော့ပြောတယ်။ ဒီသုတ္တန်၊ ဒီတရားဒေသနာမှာပေါ့။

**နံပါတ်လေး**အချက်အနေနဲ့ လိုအင်ဆန္ဒသည်တဲ့ ဒီဘဝကနေ နောက်ဘဝကူးပြောင်းတဲ့အချိန်အခါမှာ သုဂတိဘဝကိုလိုချင်တယ်။ သုဂတိဘဝကို လိုချင်ကြပါတယ်။

## * သေလွန်ပြီးကာ, သုဂတိရှာ, လိုချင်နေကြသည်။ *

ဒီဘဝကနေ သေဆုံးကွယ်လွန်ပြီးတဲ့ အချိန်အခါမှာ၊ နောင်ဘဝ, နောင်တမလွန်ဘဝမှာ လိုလားတောင့်တတာသည် သုဂတိဘဝကို လိုချင်ကြတယ်။ သုဂတိဘဝဆိုတာ ကောင်းတဲ့ဘဝပါ။ "ဒုဂ္ဂတိ" ဆိုတာက မကောင်းတဲ့ဘဝပါ။ ကောင်းတာနဲ့ မကောင်းတာ

ဘယ်ဟာလိုချင်လဲဆိုပြန်ရင် ကောင်းတာလိုချင်ပါတယ်။ သေလွန်ပြီးတဲ့ အချိန်အခါမှာလည်း လူတိုင်းလူတိုင်းသည် သုဂတိဘဝကိုလိုချင်တယ်။ ဘဝကူးကောင်းချင်တယ်။ ကောင်းတဲ့ဘဝမှာ နေချင်ကြတယ်။ သုဂတိဘဝ ဆိုတာက ခု လူ့ဘဝ၊ နတ်ဘဝပေါ့။ ဒါသုဂတိဘဝပါ။

ဒုဂ္ဂတိဘဝဆိုတာက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ဆင်းရဲနိမ့်ကျတဲ့ဘဝ၊ မလိုချင်ဘူး။ အဲဒီဘဝမျိုး မရောက်ချင်ဘူး။ မရောက်ချင်တဲ့အတွက် ကြောင့်မို့ အခုဘဝမှာ တတ်နိုင်တဲ့ ကုသိုလ်ကောင်းမှု တွေလည်း ပြုနေကြတယ်။ ဒါနကောင်းမှုတွေလည်း ပြုနေကြတယ်။ သီလကောင်းမှုတွေလည်း ဆောက်တည် နေကြတယ်။တရားဘာဝနာတွေ များများအားထုတ် ကြပါတယ်။ ရည်ရွယ်တာက သုဂတိဘဝကိုလိုချင်လို့၊ သုဂတိဘဝဆိုတဲ့အထဲမှာ ဘုန်းကြီးတို့ အဆင့်မြင့်ဆုံး ထပ်ထည့်လိုက်မယ်ဆိုရင် နိဗ္ဗာန်ဆိုတာလည်း ပါ, ပါတယ်။



နိဗ္ဗာန်အထိကိုရည်မှန်းထားတယ်။ ရည်ရွယ်ထားတယ်။ အသိုက်အဝန်း၊ ဆွေမျိုးသားချင်း၊ ညီအစ်ကိုမောင်နှမ၊ ဆရာတပည့်ပေါ့။ လူမှုပတ်ဝန်းကျင် အဆင်ပြေပြေနဲ့ နေချင်တယ်။ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေချင်တယ် ဆိုရင်လည်းပဲ နံပါတ်နှစ်အချက်ထဲ ပါ, ပါတယ်။ အသက် ရှည်ချင်တယ်။ ဟောဒီ ဘဝလူ့သက်တမ်းကုန်လို့ နောင်ဘဝကူးမယ်၊ ပြောင်းမယ်၊ နောင်ဘဝရောက်မယ် ဆိုတဲ့ အချိန်အခါမှာ သုဂတိကိုရောက်ချင်တယ်။ ဒါလည်း လိုအင်ဆန္ဒလေးအချက်ပါ။ လိုအင်ဆန္ဒ တော့သိပါပြီ။ လိုအင်ဆန္ဒတွေသိပြီးတော့၊ ဒီလိုအင်ဆန္ဒတွေ ပြည့်အောင် ဘယ်လိုများဖြည့်ရမလဲ စဉ်းစားကြရမယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဒီတရား ဒေသနာမှာ သိပ်ပြီးတော့စနစ်ကျတယ်။ ပထမဦးဆုံး အချက် လိုအင်ဆန္ဒတွေတစ်ခုစီ ထုတ်ပြသွားတယ်။ လိုချင်ဆန္ဒလေးချက်ပြီးတဲ့အချိန်အခါမှာ ဒီ လိုအင်ဆန္ဒ



တွေပြည့်စုံအောင် ဘယ်နည်းဘယ်ပုံဖြည့်၊ ဘယ်လိုကျင့် ဆိုပြီးတော့ မြတ်စွာဘုရားက ညွှန်ကြားပါတယ်။ ညွှန်ကြားတဲ့အတိုင်း ကျင့်ရမှာက ဘုန်းကြီးတို့ ပရိသတ်ရဲ့ တာဝန်ပါ။ လိုချင်ဆန္ဒတွေတော့ ပြည့်ချင် ပါတယ်ဆိုရင် ဒီအတိုင်းနေလို့မရပါဘူး။ ဖြည့်ရမယ်။ ပြည့်ချင်လို့ရှိရင် ဖြည့်ရမယ်။ ပြည့်တော့ပြည့်ချင်ပါတယ်၊ ဒီအတိုင်းနေလို့ မပြည့်နိုင်ဘူး။ ဖြည့်မှပြည့်မယ်။

အဲဒီတော့ ဖြည့်ရမယ့်၊ ကျင့်ရမယ့်အချက် လည်းဘုရားရှင်က ညွှန်ကြားတယ်။ ဒါလည်းမများပါဘူး။ ဘုန်းကြီးတို့ပရိသတ် လေးချက်တည်းပါ။ **နံပါတ်တစ်က သဒ္ဓါသမ္ပဒါ—** သဒ္ဓါတရားနဲ့ပြည့်စုံရမယ်။ **နံပါတ်နှစ်က သီလသမ္ပဒါ—** သီလအကျင့်နဲ့ ပြည့်စုံရမယ်။ ကိုယ်ကျင့် သီလပြည့်စုံရမယ်ပေါ့။ **နံပါတ်သုံးအချက်က စာဂသမ္ပဒါ—** ပေးကမ်းစွန့်ကြဲမှုနဲ့ ပြည့်စုံရမယ်။ လေးအချက်က **ပညာ သမ္ပဒါ**နဲ့ ပြည့်စုံရမယ်။ **ပညာ သမ္ပဒါ—**ဆင်ခြင်ဉာဏ်နဲ့

ပြည့်စုံရမယ်။

**"သဒ္ဓါသမ္ပဒါ၊ သီလသမ္ပဒါ၊ စာဂသမ္ပဒါ၊ ပညာသမ္ပဒါ။"**

**၁၊ သဒ္ဓါသမ္ပဒါ — သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်၊**
**၂၊ သီလသမ္ပဒါ — ကိုယ်ကျင့်တရားနဲ့ ပြည့်စုံရမယ်၊**
**၃၊ စာဂသမ္ပဒါ — ပေးကမ်းစွန့်ကြဲမှုနဲ့ ပြည့်စုံရမယ်၊**
**၄၊ ပညာသမ္ပဒါ — ဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံရမယ်၊**

အကျဉ်းအားဖြင့်သာ လေးချက်၊ အကျယ်ချဲ့လိုက်ရင် အများကြီးရတယ်နော်။ အရောင်းအဝယ်ကောင်းချင်တာလည်းပါတယ်။ စာမေးပွဲအောင်ချင်တာလည်းပါတယ်။ ကြီးပွားတိုးတက်ချင်တာလည်းပါတယ်။ အကုန်ပါသွားပြီ။ လူတိုင်း လူတိုင်းနဲ့ဆိုင်တဲ့တရား။ လူကြီးတွေချည်းပဲ မဟုတ်ဘူး။ လူငယ်တွေချည်းပဲ မဟုတ်ဘူး။ အများနဲ့ဆိုင်တဲ့ ဒေသနာပါ။

လိုအပ်တဲ့ဆန္ဒလေးချက်၊ လိုအင်ဆန္ဒလေးခု



ဆိုတာလူတိုင်းမှာရှိနေပါတယ်။ လူတိုင်းမှာဆိုင်တဲ့ ဒီဒေသနာမှာ ကျင့်ရမည့်အချက်လေးခုကိုလည်း ကျင့်နိုင်မှ ရမှာပေါ့။ လိုချင်တယ်ဆိုပြီး ဒီအတိုင်းအော်နေလို့ မရပါဘူး။ ဆုတောင်းလို့လည်းမရပါဘူး။ ကျင့်မှရမယ်။ ဒါကြောင့် တစ်ချို့ပြောကြတယ်။ "လိုတရ၊ လိုတရ" ဒီစကားလုံးကို သုံးကြတယ်။ လိုချင်လို့ တ,လိုက်ရင် ရသွားလားဆိုတော့ မရဘူးပါဘူး။ ပြောသာပြောတယ်။ လိုတရဆိုတာမရှိဘူး။ ဘုန်းကြီးတို့မြတ်စွာဘုရား ဒေသနာတော်မှာ လိုတရမဟုတ်ဘူး။ "လိုကျင့်ရ"။ လိုရင် ကျင့်ရပါမယ်။ ကျင့်ရမယ့် အချက်လေးချက်ပေါ့။

**သဒ္ဓါသမ္ပဒါ—** သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်။ သဒ္ဓါ- သဒ္ဓါဆိုတာကယုံကြည်တာ၊ ကြည်ညိုတာလို့လည်း ပြောချင်ပြောနိုင်ပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုယုံကြည်တယ်။ ဘုရား၊ တရား၊ သံဃာရတနာ



သုံးပါးကိုလည်း ယုံကြည်တယ်ဆိုတာသည် သဒ္ဓါတရားပါ။ သဒ္ဓါတရားကို အဓိပ္ပာယ်ဖွင့်တော့--

**"သဒ္ဓါဟူငြား ဤတရားကား၊**
**လမ်းသွားသံသရာ ဤသတ္တဝါ၏၊**
**လူ့များနတ်ထံ၊**
**နိဗ္ဗာန်ထုတ်ချောက်**
**ခရီးပေါက်အောင်၊**
**ချီးမြှောက် ဥပနိဿယဖြင့်**
**စင်စစ်မကွာ လိုက်၍သာလျှင်။**
**ကလျာဏစစ် ခင်ပွန်းချစ်သို့၊**
**ဖြစ်ဖြစ်သမျှဘဝတိုတို ရတိုင်းကိုယ်၌၊**
**အလိုရှိရာ ပေးတတ်စွာ၏။"**

အလိုရှိရာပေးနိုင်တာသည် သဒ္ဓါတရား၊ လိုချင်တာတွေကို အကုန်ပေးမှာ သဒ္ဓါတရားပါ။

ဘုန်းကြီးတို့ပရိသတ်မှာ ကြည်ညိုမှု၊ ယုံကြည်မှု လိုပါတယ်။ ယုံကြည်မှု၊ ယုံကြည်ချက်ရှိရမယ်။

သဒ္ဓါဆိုတာ မိတ်ဆွေကောင်းနဲ့တူတယ်။ မိတ်ကောင်း၊ ဆွေကောင်း။ ဘုန်းကြီးတို့ ခရီးတစ်ခုသွားတဲ့ အချိန်အခါမှာ မိတ်ကောင်းဆွေကောင်းပါရင် ခရီးသည် လုံခြုံတယ်၊ စိတ်ချရတယ်နော်။ တစ်ယောက်တည်း သွားရတာနဲ့ အပေါင်းအဖော်နဲ့သွား ရတာနဲ့ မတူပါဘူး။ တစ်ယောက်တည်းသွားလို့ရှိရင် ဘယ်လို အန္တရာယ်နဲ့ ကြုံမှန်းမသိဘူး။ ဘယ်သူမှကယ်မယ့်၊ ကူမယ့်သူလည်းမရှိဘူး။ အရေးအကြောင်းကြုံတဲ့အခါမှာ ကိုယ့်နားမှာ ဘယ်သူမှမရှိဘူး။ မိတ်ကောင်း၊ ဆွေကောင်း ပါသွားတဲ့ အချိန်အခါကျတော့ ဒီလမ်းခရီးမှာကြုံတဲ့ အန္တရာယ်ကိုလည်း သူကကူညီတယ်၊ ဖြေရှင်းတယ်။ အခက်အခဲတွေ တွေ့လာရင်လည်းပဲ လက်တွဲပြီးတော့ ဖြေရှင်းပေးမယ်။ မိတ်ကောင်း၊ ဆွေကောင်းပါလို့ရှိရင်



ခရီးသွားရတာ ချမ်းသာတယ်။

တစ်ခါတစ်လေများ ဘုန်းကြီးတို့ပရိသတ် ခရီးရှည်များသွားတဲ့အခါများ စိတ်တူသဘောတူ မိတ်ကောင်း၊ ဆွေကောင်းနဲ့ သွားရလို့ရှိရင် စိတ်ချမ်းသာ တယ်။ အဆင်မပြေတဲ့သူနဲ့ သွားတဲ့အခါမှာ စိတ် မချမ်းသာဘူး။

အဲဒီတော့ သံသရာခရီးသွားတဲ့ အချိန်အခါ မှာ ဘုန်းကြီးတို့ပရိသတ်အတွက် မိတ်ဆွေကောင်းသည် သဒ္ဓါတရားပါ။ အခုဘုန်းကြီးတို့ပရိသတ်မှာ ရတနာမြတ် သုံးပါးကို ယုံကြည်သက်ဝင်တယ်ဆိုတဲ့သဒ္ဓါ ရှိပါတယ်။ ဘုရားကိုလည်း ယုံကြည်တယ်။ တရားကိုလည်း ယုံကြည်တယ်။ သံဃာတော်အရှင်မြတ် တွေကိုလည်း ကြည်ညိုတယ်ဆိုတဲ့ သဒ္ဓါတရား၊ အဲဒီသဒ္ဓါတရားရှိတဲ့ အတွက်ကြောင့်မို့ သဒ္ဓါတရားကို အခြေခံကာ၊ ဒါနကောင်းမှုကိုလည်းပြုပါတယ်။ သီလဆောက်



တည်မှုတွေလည်း ကျင့်နေတယ်။ ဘာဝနာတရားတွေ လည်းပွားများနေကြတယ်။

ကုသိုလ်အားလုံးရဲ့ အခြေခံက သဒ္ဓါပါ။ အခုတရားလာနာဖို့တဲ့ ဒီနေရာရောက်ဖို့ သဒ္ဓါမပါလို့ မရပါဘူး။ သဒ္ဓါမပါပဲနဲ့ မရောက်နိုင်ပါဘူး။ မိုးရာသီချည်း၊ မိုးတွေကလည်း ရွာလို့၊ လေတွေကလည်းတိုက်လို့။ ခက်ခက်ခဲခဲနဲ့ ဒီနေရာရောက်လာရတယ်၊ ပင်ပန်းဆင်းရဲ ခံပြီးရောက်လာရတယ်ဆိုတာ သဒ္ဓါကပို့လိုက်တာပါ။ သဒ္ဓါကတွန်းအားပေးလိုက်တဲ့ အချိန်အခါမှာ ဘုန်းကြီးတို့ ပရိသတ် မရောက်,ရောက်အောင်လာတယ်။ တစ်ခါ တစ်လေကျလို့ရှိရင် အကြောင်းကိစ္စတစ်ခုခုကြောင့် သဒ္ဓါပျက်သွားပြီဆိုတဲ့ အချိန်အခါမျိုး၊ တွန့်ဆုတ်ပြီးတော့ သွားတယ်။ ကုသိုလ်အလုပ်မှာနောက်ဆုတ်သွားတယ်။ ကုသိုလ်အလုပ်မှာနောက် ဆုတ်မသွားအောင်တဲ့၊ တွန့်ဆုတ်မသွားအောင် သဒ္ဓါက တွန်းအားပေးပါတယ်။ အဲဒါကြောင့်မို့ သဒ္ဓါကောင်းတဲ့သူသည် ဒါနကောင်းမှုကို

လည်းပြုနိုင်တယ်။ သီလဆောက်တည်မှုတွေလည်း ပြုကြတယ်။ ဥပုသ်သီတင်းဆောက်တည်မှု ပြုကြတယ်။ သဒ္ဓါမရှိဘဲနဲ့ ဘုန်းကြီးတို့ပရိသတ် ဥပုသ်လည်း မစောင့်ဖြစ်ဘူး။ တရားလည်း မနာဖြစ်ဘူး။ တရားလည်း မထိုင်ဖြစ်ဘူး။ အဲဒီတော့ သဒ္ဓါဆိုတာ မိတ်ကောင်း ဆွေကောင်းပါ။

နောက်တစ်ချက်ကြည့်။ သီလသမ္ပဒါ- ကိုယ်ကျင့်သီလနဲ့ ပြည့်စုံရမယ်။ ဆိုင်ရာဆိုင်ရာငါးပါးသီလ၊ ရှစ်ပါးသီလ၊ ရှင်သာမဏေတွေအတွက် ဆယ်ပါးသီလ၊ ရဟန်းတော်တွေအတွက် နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ်သော သီလတွေနဲ့ အသီးသီးစောင့်ထိန်းရမယ့် ကိုယ်ကျင့်တရားတွေရှိတယ်။ ကိုယ်ကျင့်တရားဖောက်ပြန်နေတဲ့သူ၊ ကိုယ်ကျင့်သိက္ခာမကောင်းတဲ့သူ၊ ဘုန်းကြီးတို့ပရိသတ် ပြည့်စုံမှု၊ ကြီးပွားမှု၊ ချမ်းသာမှုဆိုတာမလာပါဘူး။ ဥစ္စာပစ္စည်းနဲ့ ပြည့်စုံတယ်ဆိုတဲ့ ဒီတစ်ချက်မှာပဲကြည့်၊ သီလနဲ့



ဆိုင်မဆိုင်ပြန်ပြီးတော့စစ်ကြည့်၊ တစ်ချို့တစ်ချို့ အရင်းအနှီးမရှိဘူး။ ဒါပေမဲ့ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ စိတ်ကောင်းစေတနာကောင်းရှိတယ်။ အဲဒါကြောင့်မို့ ဝိုင်းဝန်းပြီးတော့ ထောက်ပံ့မယ့်သူတွေ၊ ကူညီမယ့်သူတွေရောက်လာတယ်။အဲဒီလူ ကြီးပွားသွားတယ်။ ချမ်းသာသွားတယ်။ သီလကြောင့်၊ ကိုယ်ကျင့်တရားကောင်းတဲ့အတွက်ကြောင့်ပေါ့။

တစ်ခါဆက်ဆံလိုက်ရုံနဲ့ ပေါင်းသင်းလိုက်ရုံနဲ့ ဒီလူကတော့ အကျင့် မကောင်းဘူးဟေ့၊ ဟောဒီလူ သီလမရှိဘူး။ လိမ်တတ်ညာတတ်တယ်” ဆိုရင်၊ အဲဒီလူနဲ့ ဘုန်းကြီးတို့ပရိသတ် ဆက်ပြီးတော့ မပေါင်းသင့်တော့ဘူး။ အကျင့်သီလမရှိတဲ့သူ၊ ကိုယ်ကျင့် သိက္ခာမတည်မြဲတဲ့သူသည် ဥစ္စာပစ္စည်းလည်း ရဖို့ မလွယ်ပါဘူး။ အဲဒီတော့ သီလကလည်းပဲ ဥစ္စာပစ္စည်းနဲ့ ပြည့်စုံအောင်ကူညီပေးတယ်ပေါ့။



နောက်တစ်ချက်ကြည့်လိုက်၊ သီလသည်တဲ့ အသက်ရှည်တယ်ပေါ့။ သီလရှိတဲ့သူ အသက်ရှည်ပါတယ်။ ကျန်းမာနေတဲ့သူသည်သီလရှိလို့။

သီလမရှိတဲ့သူက အသက်တိုတယ်။ မကျန်းမာဘူး။ ချူချာတယ်။ တစ်ချို့ ငယ်ငယ်လေး ရှိသေးတယ်၊ ရောဂါပေါင်းစုံတွေ နှိပ်စက်ပြီးတော့ဆေးရုံ ဆေးခန်းနဲ့မပြတ် သွားနေရတယ်။ တစ်နေ့လုံး ဆေးဝါး ဓာတ်စာတွေ မှီဝဲပြီးတော့နေရတယ်။

“ငါနေမကောင်းဘူး၊ နေမကောင်းဘူး” လို့ တစ်ချိန်လုံးပြောနေရတဲ့သူတွေသည် သီလအားနည်းလို့ပါ။ အရင်က သီလအားနည်းခဲ့တယ်ပဲထားပေါ့။ ပစ္စုပ္ပန်မှာ သီလစင်ကြယ်ရင် ကျန်းမာပါတယ်။ အသက်ရှည်ပါတယ်။ ဒီတော့ သီလသည်လည်းပဲ ဘုန်းကြီးတို့ အသက်ရှည်ခြင်းနဲ့ဆိုင်တယ်။

နောက်တစ်ခါ မိတ်ဆွေအပေါင်းအသင်းနဲ့

ကိုယ့်လူမှုပတ်ဝန်းကျင်မှာ ကိုယ့်စကား သူများကနေလေးစားပြီးတော့၊ လေးစားခံရသူတစ်ယောက်ဖြစ်ဖို့ ကိုယ်ကျင့်သိက္ခာလိုအပ်ပါတယ်။ ဟောဒီလူကတော့ဖြင့် အရက်သောက်တယ်။ ဒီလူက တော့ သူခိုးပဲ။ အဲဒီလိုလူနဲ့ ဘုန်းကြီးတို့ပရိသတ်မပေါင်းချင်ပါဘူး။ မပေါင်းတော့ဘူး။

သူကတော့ သိပ်ကိုရိုးသားတာပဲ။ အကျင့်ကောင်းတယ်။ စာရိတ္တကောင်းတယ်။ ဖြောင့်မတ်တယ်။ သူ့ကိုဆိုလို့ရှိရင် ယုံကြည်စိတ်ချစွာနဲ့ ပေါင်းကြတယ်။ သင်းကြတယ်။ ဆက်ဆံကြတယ်။အပေါင်းအသင်းပြည့်စုံဖို့ဆိုတဲ့အချက်မှာလည်း ကိုယ်ကျင့်ကောင်းဖို့ လိုပါတယ်။ နောက်ဘဝမှာ ကောင်းရာသုဂတိကို ရောက်ချင်ရင်လည်းပဲ သီလရှိရမယ်။ သီလဆိုတာ ဘုန်းကြီးတို့ပရိသတ် ကုသိုလ်တစ်မျိုး၊ ကောင်းမှုတစ်မျိုးပဲ။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး မိန့်ကြားတဲ့ ကုသိုလ်



ကောင်းမှုသည် ပြန်ကြည့်ပါ။ ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးပါ။ကုသိုလ်ကောင်းမှုဆိုတာသည် ပြုကျင့်ရမှာပါ။ ပြုရမည့်ကုသိုလ်သီလရှိနေတဲ့သူသည် ဒီဘဝမှာလည်းပဲ ကောင်းကျိုးချမ်းသာတွေကိုရမယ်။ နောင်သံသရာ၊ နောင်ဘဝမှာကြည့်လိုက်မယ်ဆိုရင်လည်းပဲ ကောင်းကျိုးချမ်းသာတွေရပါလိမ့်မယ်။ အဲဒီတော့ သီလသမ္ပဒါ- ကိုယ်ကျင့်သီလနဲ့ ပြည့်စုံရမယ်ပေါ့။

တစ်အချက်က **သဒ္ဓါသမ္ပဒါ–** သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်။ နှစ်အချက်က **သီလသမ္ပဒါ–** ကိုယ်ကျင့်သီလနဲ့ပြည့်စုံရမယ်။ နောက်တစ်ချက် **စာဂသမ္ပဒါ–** ပေးကမ်းစွန့်ကြဲမှုနဲ့ ပြည့်စုံရမယ်။ နောက်တစ်ချက်က **ပညာသမ္ပဒါ–** ဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံရမယ်။ ဒီလေးချက်လုံးခြုံပြီးတော့ ဘုန်းကြီးတို့ပရိသတ် မှတ်မိအောင်၊ ဘုန်းကြီး စာလေးတစ်ကြောင်း တိုင်ပေးမယ်ပေါ့။



လိုက်ဆိုကြည့်. . . .

## *သဒ္ဓါ, သီလ, စာဂ, ပညာ ဤလေးဖြာလိုအင်ဆန္ဒ ပြည့်ကြောင်းတည်း။ *

လိုအင်ဆန္ဒလေးမျိုး ပြည့်စုံဖို့ လိုအင်ဆန္ဒပြည့်ကြောင်း လေးချက်ရှိပါတယ်။ ပစ္စည်းဥစ္စာကိုလိုချင်တယ်။ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းကိုလိုချင်တယ်။ အပေါင်းအသင်းမိတ်ဆွေ၊ သူငယ်ချင်းတွေလိုချင်တယ်။ သေလွန်ပြီးတဲ့အခါမှာ သုဂတိဘဝကိုလိုချင်တယ်။ ဖြည့်ရမယ့်တရားက ဘုန်းကြီးတို့ နည်းနည်းလေး။ သဒ္ဓါရယ်၊ သီလရယ်၊ စာဂရယ်၊ ပညာရယ် ဒီလေးမျိုး ဖြည့်ကျင့်လိုက်မယ်ဆိုရင် တောင်းတဲ့လိုအင်ဆန္ဒတွေအားလုံးပြည့်စုံလိမ့်မယ်။ ဆုတောင်းနေလို့ မရပါဘူး။ ဟိုလူဒီလူဆီမှာ တောင်းယူလို့မရပါဘူး။ ဟိုပုဂ္ဂိုလ်

ဒီပုဂ္ဂိုလ်မျိုးဆီကရောမရပါဘူး။ ဘာလုပ်ယူရမလဲဆိုရင် ကျင့်ယူရမယ်။ ကိုယ့်မှာသဒ္ဓါတရားရှိသလား၊ မရှိသလားလို့ကြည့်ပါ။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့အပေါ်မှာလည်း ကြည့်ညိုမှု၊ ယုံကြည်သက်ဝင်မှုသည် ဘယ်လောက်များတယ်၊ နည်းတယ်ဆိုတာကို ကိုယ်တိုင်သိနိုင်ပါတယ်။တစ်နေ့ တစ်နေ့ ဘုန်းကြီးတို့ပရိသတ် ဘုရားဘယ်နှစ်ခါ ရှိခိုးလဲ။ နှစ်ခါပါဘုရား။ တစ်နေ့ထမင်းဘယ်နှစ်ခါစားလဲ။ နှစ်ခါပါဘုရား။ တော်သေးတာပေါ့နော်။ ထမင်းနှစ်ခါစားတော့ ဘုရားနှစ်ခါရှိခိုး၊ တော်သေးတာပေါ့။ အဲဒီတော့ တစ်ချို့ တစ်နေ့လုံးနေလို့မှ တစ်ခါမှဘုရားမရှိခိုးတဲ့သူတွေကော မရှိဘူးလားဆိုရင် ရှိပါတယ်။ မနက်စောစော အိပ်ရာကထပြီးတော့ ဘုရားရှိခိုးဖို့ကောင်းတဲ့အချိန်၊ စောစောမိုးလင်းတာနဲ့ မျက်နှာသစ်ပေါ့။ ကိုယ်လက် သုတ်သင်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်



အာရုံပြုပြီးတော့ ဘုရားရှိခိုးရတဲ့အရသာ အင်မတန်မှ ကြည်ညိုဖို့ကောင်းတယ်။ ကြည်နူးဖို့ ကောင်းတယ်နော်။ အဲဒီအရသာမျိုး ဘုန်းကြီးတို့ပရိသတ် ယူရမယ်။ ညတီဗွီတွေဘာတွေကြည့်၊ ညဉ့်နက်သန်းခေါင်တဲ့အထိ ဘောပွဲတွေကြည့်၊ မနက်ကျတော့ (၈)နာရီ၊ (၉)နာရီမှထ၊ ပြီးတော့ ကမန်းကတန်း အလုပ်သွား၊ သဒ္ဓါနည်းတာ။ သဒ္ဓါတရားကောင်းတဲ့သူဟာ စောစောထပြီး ဘုရားရှိခိုးတယ်။ ညအိပ်ယာဝင်ရင်ဘုရားရှိခိုးတယ်။ အဲဒီလူ ဘာရှိလဲ? သဒ္ဓါတရားရှိတယ်။ တရားပွဲတွေ ကျင်းပနေတယ်ပေါ့။ ရန်ကုန်မြို့ထဲအနှံ့၊ ဟိုနေရာ၊ ဒီနေရာ တရားပွဲတွေ မရှိဘူးလား။ ရှိပါတယ်ဘုရား။ တရားပွဲတွေရှိတယ်၊ ဘုန်းကြီးတို့ပရိသတ် ဘယ်နှစ်ခေါက် ရောက်လဲကြည့် ရောက်တဲ့အခါမှလည်း ရောက်တယ်။ တစ်နှစ်မှာ (၃၆၅)ရက်ပါရှိတယ်။ နေ့တိုင်း နေ့တိုင်း တရားပွဲတေရှိပါတယ်။ ဘုန်းကြီးတို့ပရိသတ် တစ်နှစ်မှာ



ဘယ်နှစ်ရက်လောက် တရားနာလဲ။ လက်ကော၊ ခြေကော ချိုးကြည့်။ ဒါတောင် ပြည့်ချင်မှပြည့်မယ်။ တစ်နှစ်မှာ(၃၆၅)ရက်၊ (၆၅)ကြိမ်တရားမနာဖြစ်သေးဘူး။ သဒ္ဓါနည်းတာကြောင့် အစွန်းထွက်လေးတောင်မှ မရသေးဘူး။ ထားပါတော့၊ (၅)ကြိမ်လောက်တော့ ရ, ရမယ်။ တစ်နှစ်တစ်နှစ် ပြန်တွက်ကြည့်။ တစ်နှစ်လုံးသာ တစ်နှစ်အချိန်ကုန်သွားတယ်။ တစ်နှစ်လုံးမှာ ငါဘယ်နှစ်ကြိမ် တရားနာဖြစ်လဲ ကြည့်လိုက်လို့ရှိရင် ကိုယ့်မှာသဒ္ဓါတရားကောင်းတယ်၊ မကောင်းဘူး ပေါ်ပါတယ်။

**သဒ္ဓါသမ္ပဒါ—** သဒ္ဓါတရားနဲ့ပြည့်စုံရမယ်။ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးအပေါ်မှာ ဒီလိုယုံကြည်သက်ဝင်ပြီးတော့နေတဲ့သူ၊ ယုံကြည်မှု၊ သဒ္ဓါမှုတွေအားကောင်းနေတဲ့သူသည်တဲ့ လိုအင်ဆန္ဒတွေ ပြည့်စုံလိမ့်မယ်နော်။

ကိုယ်ကျင့်သီလလည်းပဲ ဘုန်းကြီးတို့

ပရိသတ် ချိန်ကြည့်လိုက်။ တစ်ခြားမပြောနဲ့၊ ကိုယ့်မှာ ငါးပါးသီလပဲကြည့်၊ ဘုန်းကြီးတို့ပရိသတ် လူဝတ်ကြောင်၊ လူ့ဘောင်လူ့လောကမှာနေတဲ့သူသည် ခါးဝတ်ပုဆိုးမြဲသလို မြဲရမှာတဲ့။ ခါးမှာဝတ်ထားတဲ့ ပုဆိုးမြဲရပါတယ်။ ခါးဝတ်ပုဆိုးမြဲသလို ငါးပါးသီလမြဲရမယ်။ သူများအသက်မသတ်ရဘူး။ သူများဥစ္စာမခိုးရဘူး။ သူတစ်ပါးအိမ်ယာမကျူးလွန်ရဘူး။ အရက်သေစာမသောက်ရဘူး။ လိမ်ညာစကား မပြောရဘူး။ ကျင့်ဖို့ခက်တာ မပါ, ပါဘူး။ ဟိုးကလေးကစပြီးတော့ ကျင့်နိုင်တယ်။ ကျင့်တော့ ကျင့်နိုင်တယ်၊ ခြင်ကိုက်လို့ တဖတ်ဖတ်နဲ့ သူတို့ရိုက်တာပဲ။ ကြမ်းပိုးတွေ့လည်း ဖိလိုက်တာပဲ။ တစ်ချို့ ပြန်ပြီးတောင်နမ်းကြည့်သေးတယ်။ ဖြစ်ပုံက အဲဒီလိုဆိုတော့ ခုနက မုသာဝါဒ- မုသားမပါလက်ာမချောဆိုပြီးတော့ ပြောပစ်လိုက်တာပဲ။ သူများအထင်ကြီးသွားအောင် လိမ်တဲ့စကား၊ ညာတဲ့စကား၊ ဝါကြွားတဲ့စကားသည်



မုသားထဲပါတယ်။ အဲဒီတော့ ကိုယ့်မှာရှိရမယ့်သီလပေါ့။ သီလက ဘုရားကြိုက်နော်။ ဒါက ဖြည့်သင့်တာတွေ အသာထားအုံး၊ ဘုန်းကြီးတို့ပရိသတ် အနိမ့်ဆုံး အောက်ထစ်ဖြစ်တဲ့ ငါးချက်ပဲ။ ငါးပါးသီလက လုံဖို့ကောင်းပါတယ်။

လိုချင်တာကတော့ အကောင်းတွေချည်းပဲ၊ ဥစ္စာပစ္စည်းဆိုတာလည်း လိုချင်တာပဲ။ အသက်ရှည်ခြင်းဆိုတာလည်း လိုချင်တယ်။ ကျန်းမာတာလည်း လိုချင်တယ်။ လိုချင်တာတွေကများပါတယ်။ကိုယ့်မှာ ဖြည့်ရမယ့်အချက်တွေ၊ ပြည့်ရမယ့်အချက်တွေမရှိသေးတာ မပြည့်သေးလို့ပါ။ သဒ္ဓါဘက်က ကြည့်လိုက်ပြန်တော့လည်း အားကနည်းသေးတယ်။ သီလဘက်က ကြည့်လိုက်ပြန်တော့လည်း ခပ်မှိန်မှိန်လေး ဖြစ်နေသေးတယ်။

အဲဒီတော့ နောက်တစ်ချက်ကြည့်၊ **ဓာဂ**



**သမ္မဒါ—** ပေးကမ်းစွန့်ကြဲမှုနဲ့လည်းပဲ ပြည့်စုံရမယ်။ ပေးကမ်းစွန့်ကြဲတယ်ဆိုတာ ဒါနပါ။ ဒါနကောင်းမှုပါတဲ့သူနဲ့ ဒါနကောင်းမှုတဲ့သူ မတူပါဘူး။ စည်းစိမ်ချမ်းသာတွေနဲ့ပြည့်စုံနေတဲ့သူတွေသည် ဒါနကောင်းမှုတွေပါခဲ့လို့ပါ။

သုဘလုလင်က မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မေးလျှောက်တယ်။ သုဘလုလင်ဆိုတာကလူငယ်လေး။ သူသိချင်တဲ့အချက်တွေကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို တစ်ချက်စီတစ်ချက်စီကိုမေးတာပါ။ စူဠကမ္မ ဝိဘင်္ဂသုတ္တန် ဆိုပြီးတော့ သူမေးခွန်းနဲ့ပက်သက်တဲ့အချက် အဖြေတွေကို မြတ်စွာဘုရားဖြေကြားတဲ့သုတ္တန်ရှိပါတယ်။

ဒီလူငယ်လေးက ဘာမေးတုံးဆိုလို့ရှိရင် "လောကမှာတဲ့ တစ်ချို့ကဆင်းရဲတယ်။ တစ်ချို့က ချမ်းသာတယ်။ လူတန်းစားကွာဟမှုတွေ အဲဒီလို ဖြစ်နေတာ ဘာကြောင့်ပါလဲ မြတ်စွာဘုရား" ကွာတယ်

နော်။ တစ်ချို့က ချမ်းသာလိုက်တာ။ တစ်ချို့ကျတော့ ဆင်းရဲတယ်။ စားစရာမရှိဘူး။ နေစရာလည်းပဲ မရှိဘူး။

ဘုန်းကြီးတို့ သွားမြင်ယောင်သေးတယ်။ ဘုန်းကြီး ဒီလပိုင်းပေါ့၊ ဘုန်းကြီး အိန္ဒိယမှာ ပြီးခဲ့တဲ့လကမှ ဘုန်းကြီး Dr. ဘွဲ့စာတမ်းယူပြီးတော့ပြန်လာတယ်။ ဟိုမှာ နှစ်လလောက်ကြာတယ်။ Homeless တွေ၊ အိမ်မရှိဘူး။ အိုးအိမ်မရှိဘူး။ အရင်တစ်ခေါက်တွေသွားတုံးကတော့ အမှတ်တမဲ့ပဲပေါ့။ တွေ့တော့တွေ့တယ်။ သတိမထားမိဘူး။

ဒီတစ်ခေါက်တော့ဖြင့်ရင် ဘုန်းကြီး လမ်းဘေးဝဲယာ ဘုံဘေမြို့မန်ဘိုင်း (MUMBAI)လို့ ခေါ်တယ်။ အိန္ဒိယမှာဆိုလို့ရှိရင် ဒီမြို့ဟာအသန့်ဆုံးဘဲ။ အဲဒီမြို့မှာတောင်မှ အိုးမဲ့၊ အိမ်မဲ့ လမ်းဘေးပလက်ဖောင်းတွေ၊ ရထားလမ်းဘေးတွေ၊ အဲဒီနေရာမျိုးမှာ အိမ်ယာမရှိဘဲနဲ့နေတဲ့သူတွေ တစ်မြို့တည်းနဲ့ တစ်သန်းရှိတယ်။



အဲဒီမြို့က အိမ်ယာမဲ့တွေ လူဦးရေတစ်သန်းရှိတယ်။ အိုးအိမ်မရှိဘူး။ နေတော့လည်း အဲဒီမှာနေ၊ စားတော့လည်းပဲ ဒီမှာစား၊ ရေချိုးတော့လည်း အဲဒီမှာပဲ။ သူတို့အိမ်ထောင်သားမွေးတော့လည်း အဲဒီမှာပဲ ရှိကြတယ်။ မဆင်းရဲဘူးလား။ ချမ်းသာတဲ့သူတွေကျတော့လည်းပဲ တိုက်တွေ၊ ကားတွေနဲ့အများချည်းပဲ။ ဟယ်ရီကော်ပတာတွေပိုင်တဲ့လူကရှိတယ်။ စိုက်ခင်းတွေ၊ ကုမ္ပဏီတွေအများကြီးပိုင်ကြတယ်။

အဲဒီလို လူတန်းစားကွာဟမှုတွေကို သုဘလုလင်မြင်တော့ မေးပါတယ်။ "ဘာကြောင့် ပါလဲ မြတ်စွာဘုရား. ." ဆိုတော့ မြတ်စွာဘုရားက "သုဘလုလင်၊ ဒါနကောင်းမှုပြုတဲ့သူ၊ ပေးကမ်းစွန့်ကြဲတဲ့သူသည် ချမ်းသာတယ်၊ မပေးမကမ်းပဲနဲ့နေရင် ဆင်းရဲတယ်"။ အဲဒါကို ဘုန်းကြီးတို့ပရိသတ် သဘောပေါက်သွားအောင် ဥပမာလေးနဲ့ကြည့်။



အခုမိုးဦးကျပေါ့၊ လယ်ကွင်းထဲမှာ တောင်သူဦးကြီးတွေ စပါးစိုက်တယ်။ စပါးစိုက်တော့ အိမ်မှာသိမ်းထားတဲ့ မျိုးစေ့တွေထုတ်ယူသွားပြီးတော့ လယ်ကွင်းထဲစွန့်တယ်၊ ကြဲတယ်။ ကြဲချလိုက်တော့ စပါးစေ့ကနေ အပင်ပေါက်ပြီးတော့၊ စပါးစေ့တစ်စေ့ကနေ စပါးပင်တစ်ပင် ပေါက်တယ်ထား စပါးစေ့ပေါင်းများစွာ ပြန်ရပါတယ်။ စွန့်လိုက်၊ ကြဲလိုက်နဲ့ များလာတယ်နော်။ ဒီမျိုးစေ့ နှမျောလို့ဆိုပြီး အိမ်မှာသိမ်းထားကြည့်၊ မတိုးလာပါဘူး။ မများလာပါဘူး။ ချမ်းသာတယ်ဆိုတာ စွန့်ကြဲတဲ့ သူတွေအတွက်သာဖြစ်ပါတယ်။ အသက်ရှည်ချင်ခြင်း၊ ကျန်းမာခြင်းနဲ့ပဲ နှိုင်းယှဉ်ကြည့်လိုက်၊ ရောဂါဘယ တွေဖြစ်နေတဲ့ချိန်မှာ ကိုယ့်ရဲ့ကိုယ်ပိုင်မှာ ကိုယ်ရှိတဲ့ ငွေကြေးပိုက်ဆံ ကုန်မယ်ခမ်းမယ်စိုးလို့ မကုသဘဲ နေလို့ရှိရင် ရောဂါမပျောက်ပါဘူး။ ပေးရမှာပဲ၊ ကုန်ကျမှာပဲ။ အဲဒီလို အကုန်အကျခံပြီးတော့ ကုသတော့မှ

ကျန်းမာခြင်း၊ အသက်ရှည်ခြင်းကိုရပါတယ်။အခြွေအရံ ပရိသတ်တွေနဲ့၊ အပေါင်းအသင်းနဲ့ ချစ်ချစ်ခင်ခင် နေချင်တယ်ဆိုရင်လည်းပဲ စွန့်ကြဲပေးကမ်းမှုဝေဖို့ လိုပါတယ်။ ဘုန်းကြီးတို့ပရိသတ် ပြောနေကြတယ်၊ "ခြွေမှ ရံတယ်" တဲ့။ ခြွေမှရံပါတယ်။မခြွေရင် မရံပါဘူး။ စာဂသမ္ပဒါ နေရာတကာမှာလိုပါတယ်။ ဘယ်နေရာပဲ ဖြစ်ဖြစ် လိုချင်တာရှိရင် ပေးဖို့လိုတယ်။ စာဂသမ္ပဒါ ပေးကမ်းစွန့်ကြဲမှုနဲ့ ပြည့်စုံရမယ်။ ပေးကမ်းစွန့်ကြဲမှုသာ ရှိရင် လိုချင်တာတွေရပါတယ်။

နောက်တစ်ချက် **ပညာ သမ္ပဒါ**— ဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံရမယ်။ ဆင်ခြင်စဉ်းစားတတ်တဲ့ဉာဏ် ရှိဖို့ လိုပါတယ်။ ဆင်ခြင်တတ်တဲ့အသိဉာဏ်မှ မရှိတတ်တဲ့ သူ ဥစ္စာ ပစ္စည်းတွေရှာလို့ရမှာမဟုတ်ဘူး။ ရသမျှလည်း ထိန်းသိမ်း စုဆောင်းထားဖို့လည်းပဲ လွယ်မှာမဟုတ်ဘူး။ တစ်ချို့ကပညာနည်းတယ်။ ပညာနည်းတဲ့အတွက်



ကြောင့်မို့ မရှာတတ်ဘူး။ ရှာလို့ရလိုက်တဲ့ ထားထိုက်တဲ့ ရလာတဲ့ပစ္စည်းဥစ္စာတွေကို စနစ်တကျထိန်းသိမ်းဖို့ စုဆောင်းထားဖို့၊ ဒါလည်းပညာလိုတယ်။ အဲဒီလို သင့်, မသင့်၊ တော်,မတော် ဆင်ခြင်ဉာဏ်လိုပါတယ်။ ဘယ်လိုရှာရမယ်၊ ဘယ်လိုသုံးရမယ်၊ ဘယ်လိုစုရမယ်၊ ဘယ်လိုပစ္စည်း ဘယ်နေရာဝယ်၊ ဘယ်နေရာရောင်းရမယ်၊ ဘယ်အချိန် ကာလလှောင်ထားရမယ်၊ ဘယ်အချိန် ကာလ သိမ်းထားရမယ် ဒီလိုအသိဉာဏ်မရှိဘဲနဲ့ စီးပွားလုပ်လို့မရပါဘူး။

ပစ္စည်းဥစ္စာနဲ့ ပြည့်စုံမှုဆိုတဲ့နေရာမှာလည်း ပညာ လိုအပ်တယ်။ ဆင်ခြင်ဉာဏ်လိုတယ်။ အသက်ရှည်ဖို့၊ ကျန်းမာဖို့ဆိုတဲ့နေရာမှာ ဆင်ခြင်ဉာဏ်၊ ပညာဉာဏ် လိုအပ်ပြန်တယ်။ "အသက်ကိုဉာဏ်စောင့်" လို့ပြောကြ ပါတယ်။ ဉာဏ်မရှိတဲ့သူ အသက်တိုမယ်ပေ့ါ။

မစားသင့်တာတွေစား။ မနေသင့်သလို



နေတယ်။ အနေအထိုင်မဆင်ခြင်ဘူး။ အစားအသောက် မဆင်ခြင်ဘူး။ အသွားအလာမဆင်ခြင်။ ဖြစ်သလိုနေ၊ ဖြစ်သလိုစားပြီးတော့ နေတဲ့သူ။ ဆင်ခြင်တုံတရား နည်းပါးတဲ့သူသည်အသက်တိုလိမ့်မယ်။ ကျန်းမာရေး ချို့တဲ့လာလိမ့်မယ်။

ပညာနည်းလို့ ဖြစ်ရတာပါ။ ဘုန်းကြီးတို့ တစ်ချို့တွေ့ရတယ်။ အသက်က ငယ်ငယ်လေးရှိသေး တယ်။ အနေအထိုင်၊ အစားအသောက် မဆင်ခြင်တော့ လည်း ရောဂါအမျိုးအမည် တပ်ကြည့်လိုက်ရင် ကိုယ့်အသက်ထက်တောင် များသေးတယ်။ သွေးတိုး လည်းရှိတာပဲ၊ ဆီးချိုလည်း ရှိတာပဲ၊ နှလုံးလည်း ရှိတာပဲ၊ ကိုလက်စထရောလည်း များတာပဲ။ ဘာပဲဖြစ်တာပဲပေ့ါ။ သူ့မှာကြည့်လိုက်လို့ရှိရင် ရောဂါတွေပေါင်းစုံနေတယ်။ အစားအသောက်၊ အနေအထိုင် ဆင်ခြင်သလား ဆိုတော့လည်း မဆင်ခြင်ဘူး။ ဆင်ခြင်တိုင်းထွာ

စဉ်းစားတဲ့ဉာဏ်နည်းတာပါ။ အဲဒီတော့ ပညာနဲ့ ကျန်းမာမှုနဲ့ အများကြီးဆိုင်ပါတယ်။

နောက်တစ်ချက် ဘုန်းကြီးတို့ ပရိတ်သတ် လိုအပ်ချက်က အပေါင်းအသင်းမိတ်ဆွေ သူငယ်ချင်း၊ ဆွေမျိုးသားချင်းတွေနဲ့ ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင် နေချင်တယ်။ မကွဲမကွာ အတူမကွာနေချင်ကြတယ်။ အဲဒီမှာလည်း ဆင်ခြင်တုံတရားလိုအပ်ပါတယ်။ ဆင်ခြင်ဉာဏ်ပေါ့။ ဘယ်သူနဲ့ ဘယ်လိုပေါင်းရမယ်။ ဘယ်လိုဆက်ဆံရမယ်။ ပေါင်းသင်းဆက်ဆံတဲ့နေရာ သူကတင်းတဲ့အခါမှာ ကိုယ်ကလျှော့ပေးရမယ်။ ကိုယ့်ဒေါသတရားတွေ ထိန်းထားတဲ့အခါ ထိန်းရမယ်။ လောဘတွေ ချုပ်ထိန်းရမယ်။ ဒီအချိန်အခါမှာ ဒီလိုစကားမျိုး ပြောသင့်တယ်၊ ဒီလိုစကားမျိုး မပြောသင့်ဘူး ဒီလိုပညာတွေ လိုပါတယ်။ အဲဒီပညာနဲ့ ပြည့်စုံတဲ့သူ အပေါင်းအသင်းများပါတယ်။ ပညာ



နည်းတဲ့သူ ဘယ်သူမှမပေါင်းချင်ဘူး။ ဆင်ခြင်တုံတရား နည်းတဲ့သူကို ဘယ်သူမှမပေါင်းချင်ပါဘူး။

နောက်ဆုံးတစ်ချက် နောင်ဘဝမှာ သုဂတိ ဘဝကိုရောက်ဖို့ဆိုတဲ့နေရာမှာလည်း ပညာပါဖို့လိုအပ်တယ်။ ဘဝရှေ့ရေးအတွက် ဘာလုပ်ရမယ်။ ဒါန ကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှုတွေ ပြုရမယ်။ အကုသိုလ်တရားတွေ ရှောင်ရမယ်။ အဲဒီလို သိတဲ့ပညာလိုတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးကိုတဲ့ ဘယ်လိုစောင့်ထိန်းမယ်။ ဘယ်လို ကျင့်ကြံပွားများအားထုတ်မယ်ဆိုသိဖို့လိုပါတယ်။ မလိမ္မာ၊ မဆင်ခြင်တဲ့သူသည် နောင်ဘဝမှာ သုဂတိ ဘဝကို မရောက်နိုင်ဘူး။ လိုအပ်ချက်၊ လိုအင်ဆန္ဒပြည့်ဖို့ လိုအပ်နေတဲ့ အချက်လေးချက်မှတ်သားထားရပါမယ်။

**(၁) သဒ္ဓါသမ္ပဒါ၊ (၂) အချက်က သီလသမ္ပဒါ၊ (၃) အချက်က စာဂသမ္ပဒါ၊ (၄) ပညာ သမ္ပဒါ၊**



# *သဒ္ဓါ, သီလ, စာဂ, ပညာ ဤလေးဖြာ လိုအင်ဆန္ဒ ပြည့်ကြောင်းတည်း။ *

အဲဒီလေးမျိုး ဖြည့်လိုက်ရုံနဲ့ ဘုန်းကြီးတို့ ပရိတ်သတ်က လိုချင်တဲ့လိုအပ်ချက်တွေ အကုန် ပြည့်ပါတယ်။ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား စိတ်ကူးပြီးတော့ ဟိုဟာလေး လိုချင်လိုက်တာ၊ ဒီဟာလေး လိုချင်လိုက်တာ၊ ဟိုဟာလေး ရချင်လိုက်တာ၊ ဒီဟာလေး ရချင်လိုက်တာ စိတ်ထပေါ်ကြပါတယ်။ ဘယ်လိုများ ငါရအောင် လုပ်ရမလဲဆိုပြီးတော့ တစ်ခြားလိုက် မရှာနဲ့။ ဟိုစာအုပ်ဒီစာအုပ်တွေ လိုက်ပြီးတော့ မရှာနဲ့။ ဟိုလူ ဒီလူတွေ ပြောတာ နားမယောင်နဲ့။ အခု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပြောသွားတဲ့ အချက်လေးချက်ပဲ ဖြည့်ကျင့်လိုက်ပါ။

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ။ ခက်တာမပါဘူး။ မပြည့်နိုင်စရာရော မပါပါဘူး။ မကျင့်နိုင်တာရော မပါပါဘူး။

အလွယ်လေးပါ။ ပြောရတာတောင်မှ ခက်သေးတယ်။ ဒီလေးမျိုးသာစုံရင် ခုနက ဥစ္စာပစ္စည်း ပြည့်စုံဖို့ ရပြီ။ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းကို ရပြီ။ အခြွေအရံ၊ အသင်းအပင်း ပြည့်စုံခြင်းရောရပါပြီ။ နောင်ဘဝမှာ သုဂတိရောက်ဖို့လည်း သေချာပါပြီ။ ဒါကြောင့် **"လိုအင်ဆန္ဒတွေပြည့်ဝကြပါစေ"** ဆိုတဲ့ ဒီတရားကို ဓမ္မဒါနလက်ဆောင်ပေးပါတယ်။

ဒီတရားဓမ္မနာကြားပြီးတော့ ကိုယ်တိုင်လည်းပဲကျင့်သုံး၊ ကျင့်ကြံ၊ ပွားများအားထုတ်နိုင်ကြသဖြင့် လိုအင်ဆန္ဒတွေ အားလုံးပြည့်ပြီးတော့ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ပရမတ်ကို လျင်မြန်စွာ၊ လွယ်ကူစွာနဲ့ ရနိုင်၊ ရောက်နိုင်၊ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း လို့ ဆုတောင်းရင်းနဲ့ပဲ တရားကို နိဂုံးချုပ်ကြစို့။

**ဓောဓိယာ ပစ္စယော ဟောတိ၊**

**ဤဒံနော ပုညမင်္ဂလံ၊**

**ပုညဘာဂံ သုလတန္တ၊**

**ပဓမောဒန္တ၊ သဒေဝတာ**